
ဘသက်ဆွေ
ရတနာစံအိမ်
(လျှို့ဝှက် သည်းဖို ဝတ္ထု)

# စာရေးသူ၏ စကားဦး

"ရတနာစံအိမ်" ဝတ္ထုကို မှုခင်းစုံမဂ္ဂဇင်းတွင် ၁၉၉၇-ခုနှစ်၊ ဇန်နဝါရီလမှ စတင်ဖော်ပြခဲ့ပါသည် ။ ဆယ်လမျှ ကြာသည့် တိုင် ဝတ္ထုမှာ မဆုံးနိုင်သေးပါ။ မဂ္ဂဇင်းစာမျက်နှာ၏ ခွင့်ပြုချက် အရသာ ဆက်လက် ထည့်သွင်းမည်ဆိုလျှင် နောက်ထပ် လပေါင်းများ စွာ ကြာပါလိမ့်ဦးမည်။

ဝတ္ထုမှာ ရင်မသည်းဖို၊ ရုပ်ထွေးပွေလီ လျှို့ဝှက်စွန့်စား အမျိုးအစားဖြစ်၍ စာဖတ်ပရိသတ်များ အသိရှုပ်ထွေးမည် စိုးသဖြင့် ဇာတ်လမ်းအကျဉ်းချုပ်ကို အခါအားလျော်စွာ ထည့်သွင်း ဖော်ပြနေရသည် ။ ထိုသည့် တိုင်အောင် တစ်လနှင့် တစ်လ ဆက်စပ်မှုမှာ နောက်ကြောင်း ပြန်ဖတ်ပါမှ ဆက်စပ်၍ ရနိုင်သဖြင့် စာဖတ်ပရိသတ်တို့ အတွက် မဂ္ဂဇင်းအဟောင်း ပြန်ရှာဖတ်ရသည့် အလုပ်မှာ အခက်အခဲ တစ်ခုဖြစ်လာပါသည် ။

ထို့ကြောင့် ပေလားမသိ စာဖတ်သူတို့ က စာမျက်နှာများများ ထည့်သွင်းရန် သို့မဟုတ် အမြန်အဆုံးသတ်ရန် သို့မဟုတ် လုံးချင်းအဖြစ် ထုတ်ဝေရန် တိုက်တွန်း တောင်းဆိုစာများ ရေးပို့လာကြပါသည် ။

ဆိုစရာအကြောင်းတစ်ခု ရှိပါသေးသည် ။

ယင်းမှာ မဂ္ဂဇင်းတွင် ဤဝတ္ထုကို စတင်ဖော်ပြစဉ်က အမှာ တိုလေးအဖြစ် "ကျွန်တော် တာဝန်ထမ်းဆောင်နေသော အကျဉ်းထောင်ဆီသို့

ထောင်ဝင်စာ လာတွေ့ကြသော သားအမိနှစ်ဦးနှင့် တွေ့ဆုံခင်မင် ရင်းနှီး မိရာမှ ဤဖြစ်ရပ်မှန် ဇာတ်လမ်းကို ရရှိခဲ့ပါသည် ။ အလွန် ရှုပ်ထွေး ပွေလီပြီး တုန်လှုပ်ချောက်ချားဖွယ် လှိုု့ဝှက်နက်နဲလွန်းသော ‘ ရတနာ့စံအိမ်’ မိသားစု၏ ဇာတ်လမ်းကို ဖြစ်ရပ်မှန် အချက်အလက်များ နှင့် စိတ်ကူးစိတ်သန်းကို ပေါင်းစပ်ခြယ်မှုန်း ရေးသားရသောအခါ ခေတ်ကာလ အခြေအနေကို သာမက အမည်နာမများကိုပါ အတတ်နိုင် ဆုံး ပြုပြင်ပြောင်းလဲ လိုက်ပါသည် ။ ထိုသည့် အခြား မရှိပါပြီ’ ဟု ထ ည့်သွင်းရေးသား ခဲ့ပါသည် ။"

တကယ်တမ်းတွင် ဤဝတ္ထုအတွက် ဤအမှာ လေးဖြင့် မလုံလောက် ပါ။ ကျွန်တော်နှင့် တွေ့ခဲ့သော ကာယကံရှင် ထောင်ထဲမှ အကျဉ်းသား မှာ လည်း ဇာတ်လမ်းကို ပြောပြနိုင်လောက်သော အဓိကကျသူ မဟုတ် ပါ။ သူပြော တတ်သလိုပြောသော ဇာတ်လမ်းမှာ သမိုင်းဆန်နေသော် လည်း အပေါ်ယံမျှသာ ဖြစ်နေသည် ။ ထို့ကြောင့် သာမန်မျှသာ စိတ်ဝင် စားမှု ရှိခဲ့ပါသည် ။ ထောင်ထဲတွင် အကျဉ်းသားပေါင်း ထောင်ပေါင်း များ စွာနှင့် ဆက်ဆံရသောအခါ အထက်ပါ ကိစ္စသည် လည်း မေ့လျော့ မှုထဲတွင် ပါဝင်သွားပါတော့သည် ။

သို့သော် ကျွန်တော် ကံကောင်းချင်တော့ နှစ်ပေါင်းနှစ်ဆယ် ကြာပြီး ပါမှ မဂ္ဂဇင်းများ ထဲတွင် ကျွန်တော် ရေးသားခဲ့သော ထောင် အတွေ့အကြုံ မှုခင်းဇာတ်လမ်းများကို တခုတ်တရ ဖတ်မိဟန်တူသော အထက်ဖော်ပြပါ ‘သားအမိ’ နှစ်ယောက်ကိုယ်တိုင် ကျွန်တော့်ထံ လာ တွေ့ပြီး (ချမ်းသာသူများ ပီပီ) သူ့အသိုင်းအဝိုင်း အစုအဖွဲ့ ကလေးက အပျော်တမ်း အသံသွင်းထားသော တိတ်ခွေသုံးခွေကို လာပေးပါသည် ။ ကောင်းသလို၊ လိုတိုး ပိုလျှော့လုပ်ပြီး ဝတ္ထုအဖြစ် ရေးသားခွင့်ကိုလည်း ပေးပါသည် ။

ဤတွင် ကာယကံရှင်တို့ ၏ အာသီသမည်မျှ ပြည့်မပြည့် မသိနိုင် သော်လည်း ဖြစ်ရပ်မှန်ကိုမှ အခြေခံပြု ရေးချင်နေသော စာရေးသူအဖို့ ရေးဖြစ်ရန် ဖြစ်လာရပြီး၊ အံ့မခန်း ဆန္ဒပြည့်ဝခဲ့သည် ဟု ဆိုရချေတော့ မည်။

ပထမတွင် ထုတ်ဝေမည့် သူ လောက်လောက်လားလား မတွေ့ရသ ဖြင့်လည်းကောင်း၊ ရေးပြီးသော စာမူကို နောင်အခါ စိတ်ပြောင်း၍ ပြင် ဆင်တတ်သော အလေ့အကျင့်ကြောင့် လည်းကောင်း၊ ယတိပြတ် ဆုံးဖြ တ်ကာ မဂ္ဂဇင်းထဲတွင် စတင်၍ အခန်းဆက်အဖြစ် ဖော်ပြလိုက်ခြင်း ဖြစ်ပါသည် ။

ယခုတော့ လုံးချင်းစာအုပ်အဖြစ် ထုတ်ဝေဖြစ်တော့မည် ဖြစ်၍ ပြော သူရေးသူ၊ ဖတ်သူတို့ ၏ ဆန္ဒ တစ်ထပ်တည်း ကျမည်ဆိုလျှင် ကြိုးပမ်း ရေးသားရကျိုး နပ်ပြီဟု ဆိုချင်ပါတော့သည် ။

**စာရေးသူများ ၏ .....**
**ဘသက်ဆွေ**

***

## အခန်း (၁)

'မှိုင်း' သည် ဆေးရုံတွင် လူနာတစ်ယောက်အဖြစ် ကုသခံ ယူရ

တော့မှ ပင် ကမ္ဘာကြီးသည် သူ့ကို သီးခြား ဖန်တီးထားကြောင်း သိလာရသည် ။ ဘယ်ဟာများ သည် အမှန်၊ ဘယ်ဟာများ သည် အမှားဟူ၍ ပင် အတွေးမပြတ်သားမှုများ ကြုံရသည် ။

အထူးသဖြင့် 'မောင့်' သဘောထားများ ပင် ဖြစ်သည် ။ ပထမပိုင်းတွင် ညနေပိုင်းမှန်မှန် လူနာချိန်ဝင်တွေ့၍ အားပေးစကား ပြောခဲ့ရာမှ ကြာတော့ မောင်အလာကျဲသွားသည် ။ လာပြန်တော့လည်း မောင့်ပုံစံက စိလိုလက်ရ မရှိအတိုင်း ဟက်ဟက်ပက်ပက် အမူအရာများ ပေါ်လွင်ထင်ဟပ်မှုလည်း မပြခဲ့ချေ။

တဖြည်းဖြည်း မောင်သည် ခင်ပွန်းတစ်ယောက် အဖြစ်ထက် သူစိမ်းတစ်ယောက် အဖြစ်သို့ ရောက်မှန်းမသိ ရောက်ခဲ့သည် ။ မောင်သည် သူရေးသားထားသော စာမူများ ၊ အကြောင်းအရာ များ လောက်ပင် မှိုင်းအပေါ် အလေးအနက် မထားတတ်မှန်း ရိပ်စားမိခဲ့သည် ။ ပြောရမည်ဆိုလျှင် မောင့်မိခင် ဒေါ်ခင်မမသီ၏ ဩဇာလွှမ်းမိုးမှုများ သည် မောင့်အပေါ် သည် ရက်ပိုင်းမှာ ပင် ပိုမိုးလွှမ်းမိုးနေချေပြီ။

သြော် - အများ တကာ၏ မေးငေ့ါမှုကို စိုးထင့်၍ ထင်ပါရဲ့ မှိုင်းဆေးရုံတက် ကာလရက်များ တွင် ဒေါ်ခင်မမသီ နှစ်ခေါက်လောက်တော့ မလွှဲသာ မရှောင်သာ ရောက်လာခဲ့သေးသည် ။ ရောက်လာခဲ့ပုံကလည်း လူမမာ လာကြည့်သည် နှင့် မတူ အေးစက်စိမ်းကားသော မျက်လုံးကြီးများ နှင့် တစ်ခါတစ်ခါ စိုက်ကြည့်ပုံများ သည် အတွင်းအဈွတ္တပိုင်း၏ မလိုမုန်းထားမှုကို တမင်ဖော်ကျူးသလို ရှိခဲ့သည် ။ အားပေးစကားများ နှုတ်ဖျားမှ ထွက်လာဖို့ တော့ ဝေလာမှ ဝေးရယ်။

ဒေါ်ခင်မမသီ၏ လှုပ်လီလှုပ်လဲ့ ခန္ဓာမြောင်းမြောင်းလေး အခန်းထဲက ထွက်သွားသည့် တိုင်လည်း မှိုင်းမျက်လုံးထဲတွင် အတ္တကဲလွှမ်း

သော အကြည့်များက ထင်ကျန်ခဲ့သည် ။ အစေ့ဖုံးလွှမ်းနေသော အရိပ်များ သည် မိုင်းအတွက် ချောက်ချားစေသော ညစဉ် အိပ်မက်များ ဖြစ်ခဲ့ရပြန်သည် ။ အကယ်၍ သာ မိုင်းကိုယ်ထဲမှာ ဖေဖေ၏ သတ္တိသွေးများဖြင့် နီမောင်းမနေခဲ့ပါလျှင် ဒေါ်ခင်မမသီ၏ နှလုံး ကိုင်လှုပ်စေနိုင်သော ထိုအကြည့်များကြောင့် ပင် ခေါက်ခနဲလဲသေ သွားခဲ့မည်မှ အမှန်။

ဒေါ်ခင်မမသီ လာသွားပြီးမှ ပင် မိုင်း ကိုယ့်ကိုယ်ကို သုံးသပ်ရကောင်းမှန်း သတိရလာသည် ။ သူနာပြုဆရာမထံ မှန်တစ်ချပ်လောက် ယူလာပေးဖို့ တောင်းခံမိသည် ။ သူနာပြု ယူလာပေးသော မှန်ကိုကြည့်လိုက်တော့မှ သွေးဆုတ်ဖြူလျော်လျက် လူမမာရုပ် ပေါက်နေသော မိမိ၏ အသွင်ကို သိလိုက်ရသည် ။ မျက်ကွင်းညိုလျက် မျက်လုံး ပိုမိုပြူးကျယ်လာသလား ထင်ရသည် ။

အရင့်အရင်က နူးညံ့ပါသည် ၊ သိမ်မွေ့ပါသည် ဆိုသော မျက်နှာအလှတွေတို့ သည် အချိန်မှာ တွေ့ရဖို့ ပင် ဝေးလေစွ။ သြော် အဲဒါကြောင့် သည် အဘွားကြီး၏ အကြည့်တွေက ငါ့အပေါ် ပြောင်းလဲသွားခဲ့တာကိုး။

သည် အဘွားကြီး မသိသည် က မိုင်းကိုယ်ထဲတွင် ဖေဖေပေးထားခဲ့သော သတ္တိအားမာန်များ အပြည့်အဝ ရှိနေခြင်းပါတည်း။ မိုင်းဖေဖေဦးဇော်မိုင်းသည် လောကဓံကို အရှုံးမပေးစတမ်း စိတ်ဓာတ်မျိုး မိုင်းကိုလည်း အမွေပေးထားခဲ့ပါသည် ။ မိုင်း ၃-နှစ်သမီး သာသာက မေမေဘဝတစ်ပါး ပြောင်းလဲခဲ့၍ ဖေဖေ့လက်ပေါ်တွင် ပင် ကြီးပြင်းလာခဲ့ရသည် ။ ဖေဖေသည် မိုင်း၏ အဆက်ပြတ်တော့မည့် ဘဝမိုးကုပ်စက်ဝိုင်းကို ဆက်လက် ရေးခြယ်ပေးခဲ့သူပါတည်း။

သြော် .....။

ယခုတော့ .....။

ယခုတော့ .....။

ဖေဖေကိုယ်တိုင်ပင် မှိုင်းကို ခွဲခွာသွားခဲ့ပြီကော။

အဖြစ်ဆိုးတဲ့ သေခြင်းမျိုးဖြင့် သေဆုံးသွားခြင်းပါ။

မှိုင်းနားထဲတွင် ပေါက်ကွဲသံများ ကြားလိုက်ရသလို ထင်မိသည် ။ ဒိုင်းခနဲ ပေါက်ကွဲသံများ မှိုင်းနားနှစ်ဖက်ကို ယောင်ယမ်း ပိတ်မိသည် ။

အို ...။

အို ...။

"ဖေဖေ မသေရဘူး။ ဖေဖေ မသေရဘူး"

မှို င်းအိပ်မက်မှ လန့်နိုးသွားခြင်း၊ ခုတင်တွင် ထထိုင်မိခဲ့သည် ။ တစ်ကိုယ်လုံး အမောဖောက်နေသလို အသက်ရှူသံက အသံထွက်သည် အထိ ပြင်းထန်ခဲ့သည် ။ ချွေးများက မျက်နှာရော တစ်ကိုယ်လုံးပါ ရေလောင်းချလိုက်သည် လား ထင်ရသည် ။

ဖေဖေ့အရိပ်များက ရှေ့မှာ ပွင့်နေသော ပြတင်းပေါက်တံခါးမှ လူးလွန့်နေသည့် ခန်းဆီးစကြားတွင် ဝိုးတဝါးအသွင်။

ထိုအရိပ်နှင့် အပြိုင်ပင် ...

ဖေဖေ့စကားသံများက ...

"သမီးမှိုင်း၊ ခင်မမသီဆိုတဲ့ မကောင်းဆိုးဝါးမကြီးကို ဘယ်တော့မှ အရှုံးမပေးနဲ့ ။ သမီးရဲ့ နံပါတ်တစ် ရန်သူဟာ အဲဒီမိန်းမကြီးပဲလို့ သိထားလိုက်ကွယ့်။ သမီးရဲ့ ဘဝကို ဖျက်ဆီးပစ်ဖို့ ကြံစည်လိမ့်မယ်။ အ

ထူးသဖြင့် သမီးရဲ့ ရင်သွေးလေး ဖိုးကာနဲ့ သမီးရဲ့ ချစ်ခြင်းကို ခွဲပစ်ဖို့ လုပ်မယ့်အကြံအစည်မျိုး ဒီမိန်းမကြီးမှာ အများကြီးရှိတယ်။ သမီး ဘယ်တော့မှ မပေါ့ဆနဲ့ ကွယ့်"

ထို့နောက် ...

ဖေဖေ့အရိပ်က ပြန်ပျောက်သွားသည် ။

ဖေဖေသည် မိုင်းတစ်ယောက် မောင်နှင့် လက်ထပ်ခဲ့သည် ကိုပင် သဘောကျခဲ့သူ မဟုတ်ပါ။ အကြောင်းမှာ မူ မိုင်းခင်ပွန်း မောင်သီဟ ၏ ဖခင် ဦးသိန်းတို့ ၏ စီးပွားရေး သဘောအရ ခေတ်အဆက်ဆက်က ပင် ပတ်သက်ခဲ့ဖူး၍ ထိုမိသားစု၏ အတွင်းအခြေအနေကို ဖေဖေ ကောင်းကောင်း သိနေခဲ့သည် ။ မိုင်းဖေဖေ ဦးဇော်မိုင်း သုတေသီလုပ်၍ ရေးသားခဲ့သော စာအုပ်စာပေများကို ဒိုင်ခံထုတ်ဝေခဲ့သူ ဦးသိန်း ဆုံးပါးပြီးနောက် တစ်ဖန် ဒေါ်ခင်မမသီနှင့် ဆက်ဆံရပြန်သည် ။ စာချုပ်သဘောအရကြောင့် သာ ဖြစ်သည် ။

မိုင်း၏ ခင်ပွန်း ကိုသီဟကျတော့ ဦးသိန်း ဒေါ်ခင်မမသီတို့ ၏ အထွေးဆုံးသားဖြစ်သည် ။ ဦးသိန်းတို့ ပိုင်ဆိုင်သော "သိင်္ဂရသ" စာပေတိုက်ထုတ် စာအုပ်မှန်သမျှ ဦးသိန်းကပင် ဦးစီးဦးရွက်လုပ်၍ ထုတ်ဝေဖြန့်ဖြူးပေးခဲ့သည် ။ သို့သော် ကိုသီဟ လက်ထက်မှာ ထုတ်ဝေသမျှ စာအုပ်များ အရှုံးမှာ ချည်း ပြခဲ့သည် ။ လုပ်ရည်ကိုင်ရည် ညံ့ဖျင်းသည့် သဘောမျိုး သက်ရောက်သွားခဲ့သည် ။ ကိုသီဟ၏ ပုံစံကလည်း ပျော့တိပျော့ဖတ်ဖြင့် အလုပ်လုပ်ရာတွင် စူးစိုက်အားသန်သည့် ဟန်ပန်မျိုး စိုးစဉ်းမျှ မရှိခဲ့။ ဒါကို မိုင်း၏ ဖေဖေ ဦးဇော်မိုင်းက ကိုသီဟအပေါ်တွင် သမက်အဖြစ် ဆက်ဆံလက်ခံဖို့ သဘောမကျနိုင်အောင် ဖြစ်ခဲ့ရသည် ။ မိုင်းကို သတိပေးထားသည့် ကြားမှ ပင် မိုင်း သတိလက်လွတ် ဖြစ်၏။

ကိုသီဟနှင့် ဇွတ်လက်ထပ်ဖြစ်အောင် ထပ်ခဲ့သည် ။

အင်း ... ကြာ လာလေ ကြာ လာလေ၊ ဖေဖေသတ္တုချ သုံးသပ်ခဲ့သည့် အတိုင်း ကိုသီဟသည် သူ့အတွက် တစ်ခုတည်း လွတ်မြောက်ဖို့ ကြံစည်နေခဲ့သူဖြစ်မှန်း တစ်စတစ်စ သိလာသည် ။ ခြောက်လှန့် အေးစက်စရာကောင်းလှသော လက်တွေ့ဘဝကြားမှ ရုန်းထွက်လျက် တစ်ကိုယ်ကောင်းဆန်စွာ အိပ်မက်ကမ္ဘာကို ဖန်တီးနေသူပဲ ဖြစ်သည် ။

မိုင်းဆေးရုံက ဆင်းသည့် အခါတွင် တစ်ဖန် သူတို့ တစ်တွေ စီစဉ်ပေးသော နားနေဆောင်တွက် ဆက်လက်နေထိုင်ခဲ့ရပြန်သည် ။ မိုင်းနဂိုအတိုင်း အားအင်ပြန်လည် ပြည့်ဖြိုးလာသည် အထိ နေထိုင်ရမည်ဟု အကြောင်းပြထားသည် ။ သွေးပျက်ဖွယ် ဖေဖေ၏ သေခြင်းတရားကို မျက်ဝါးထင်ထင် တွေ့လိုက်ရသည့် တဒင်္ဂ မိုင်းသတိလစ်သည် အထိ ဖြစ်ခဲ့သည် ။ ဆေးရုံပေါ် ရောက်လာသည် အထိ ရှိခဲ့သည် ။ ယခုလို ဆေးရုံမှ ပြန်ဆင်းသည့် တိုင် မိုင်း၏ စိတ်ပိုင်း အခြေအနေက မူမှန်ပြန်မရောက်သေးဟု ယူဆနေသည် ။ ဆရာဝန် ဒေါက်တာသောင်းမင်း၏ လက်ဝယ်သို့ မိုင်းကို အပ်နှံခဲ့ကြသည် ။ မိုင်းသည် ဖေဖေ သေဆုံးသွားသည် မှာ ရှောင်တခင် ဆန်လှပုံ၊ ရက်စက်ရာကျပုံကို အကြိမ်ကြိမ်အဖန်ဖန် တွေးနေရင်း အဖြေတစ်ရပ်ရပ် ရလာသလို ထင်လိုက်သည် ။ တစ်နေ့ မိမိအယူအဆကို ဒေါက်တာသောင်းမင်း ရှေ့မှောက်မှာ ပင် ပွင့်လင်းစွာ ရင်ဖွင့်မိခဲ့သည် ။

"မိုင်းတော့ထင်တယ် ဒေါက်တာ။ မိုင်းဖေဖေ ဦးဇော်မိုင်း သေသွားရတာဟာ ကိုယ့်ကိုယ်ကို အဆုံးစီရင်ပြီး၊ ကြံစည်သွားတာ ဘယ်နည်းနဲ့ မှ ဖြစ်မယ်မထင်ဘူး။ မဟုတ်မှ လွဲရော တစ်ဦးတစ်ယောက်ရဲ့ လက်ချက်ကြောင့် ပဲ။ ဘဝပြောင်းသွားတာ ဖြစ်ရမယ်။ ဖေဖေ့ကို တစ်

ယောက်ယောက်က သတ်လိုက်တာ"

ဒေါက်တာသောင်းမင်းက မိုင်းထင်ကြေးကို အံ့ဩသွားပုံရသည် ။ ‘ ဘာကြောင့် ထင်တာလဲ’ ဟု မေးခဲ့သည် ။

"မိုင်းရဲ့ ဖေဖေဟာ ဘဝကို အားနဲ့ မာန်နဲ့ တည်ဆောက်ခဲ့သူ တစ်ယောက်ပါ။ ဖေဖေ့မှာ မျှော်လင့်ချက်တွေ အများကြီးရှိတယ်။ ဖေဖေဟာ ဘယ်နည်းနဲ့ မှ လောကဓံတရားကို အရှုံးပေးမယ့်လူစားမျိုး မဟုတ်ဘူး ဆိုတာ မိုင်းသေသေချာချာ ယုံကြည်တယ် ဒေါက်တာ"

"ဒါ မင်းအထင်ကိုး လုံမလေးရဲ့ သူ့ရင်ထဲမှာ ဘယ်လိုခံစားချက် ရှိမယ်ဆိုတာ ဗဟိဒ္ဓသဏ္ဍာန်မှာ သိနိုင်တာမှ မဟုတ်တာပဲ။ ဥပမာကွာ။ သူမကြိုက်တဲ့ ယောက်ျားတစ်ယောက်ကို လုံမလေး ယူသွားတဲ့ အကြောင်း ရှိမယ်။ နောက်ပြီး စီးပွားရေးကိစ္စ၊ လူမှုရေးကိစ္စ အကြောင်းအမျိုးမျိုး ရှိမယ်ပေါ့ကွယ်"

"မရှိနိုင်ဘူး၊ မရှိနိုင်ဘူး။ အရာခပ်သိမ်း ပြီးပြည့်စုံတဲ့ လူစားမျိုး၊ ကျေနပ်တတ်တဲ့ လူစားမျိုး၊ အစပိုင်းမှာ မိုင်းကို မောင်နဲ့ သဘောမတူဘဲ ဟန့်တားကြည့်ခဲ့ပေမဲ့ နောက်ဆုံးတော့ သူ့ဘဝအကြောင်းနဲ့ သူပဲ လေဆိုပြီး ဖေဖေ စိတ်လျှော့သွားခဲ့တာ မိုင်းသိတယ်"

"ကဲပါ ... ကဲပါ။ အခုချိန်မှာ လုံမလေးအနေနဲ့ ဒါတွေကို မစဉ်းစား အပ်သေးဘူးကွဲ့။ ဆေးရုံက ဆင်းခဲ့ပေမဲ့ လုံမလေးရဲ့ ကိုယ်ခန္ဓာကြံ့ခိုင်မှုက သိပ်ပြီးပြည့်သေးတာမှ မဟုတ်ဘဲ။ စိတ်မချမ်းသာဖြစ်မယ့် အကြောင်းတွေကို စဉ်းစားမယ့်အစား၊ တရားနဲ့ ဖြေလိုက်တာသာ လုံမလေးအတွက် ပိုကောင်းလိမ့်မယ်"

မိုင်း အတွန့်ထပ်မတက်ဘဲ ပါးစပ်ပိတ်လိုက်မိသည် ။ ဆရာဝန် ဆိုသည် မှာ ဆရာဝန် စကားပင် ပြောလိမ့်မည် မဟုတ်ပါလား။ သူ့လူနာ

ကျန်းမာရေးကလွဲပြီး အဘယ်ကိစ္စကို ရေးရှုပြောပါလိမ့်မည်နည်း။

မိုင်းက မစဉ်းစားပါနှင့် ဆိုကာမှ စိတ်မချမ်းမြေ့ဖွယ် အကြောင်းတွေကို ပိုမိုစဉ်းစားနေမိသလိုရှိသည် ။ ဖေဖေနှင့် ပတ်သက်၍ ဟိုတစ်ချိန်က သွားပုတ်လေလွင့် စကားလိုလို၊ ကောလာဟလလိုလို တကယ်လိုလို စကားရပ်များ ရှိဖူးသည် ကို သတိသွားရသည် ။ ဟိုတစ်ချိန်က ဒေါ်ခင်မမသီ၏ ခင်ပွန်းကိုယ်တိုင် ယခုဖေဖေ တိမ်းပါးသွားသလိုပင် အဖြစ်ဆိုးစွာ သေဆုံးသွားခဲ့ကြောင်း သိရသည် ။ သို့သော် မိုင်းအမြင်တွင် တော့ ဖေဖေ ဦးဇော်မိုင်းသည် ဒေါ်ခင်မမသီအပေါ် ခမည်းခမက်သဘောမှ လွဲ၍ ခပ်ကင်းကင်းသာ ရှိနေခဲ့ခြင်းပင်။ ပြီးတော့ ဒေါ်ခင်မမသီနှင့် ရှိခဲ့ဖူးသည့် အတိတ်အကြောင်းကို တစ်ခွန်းတစ်ပါဒမှ ပင် ဖေဖေ့စကားလုံးများ တွင် ရှာမတွေ့ခဲ့ ရသည် မှာ အမှန်ပါလေ။

မိုင်းနှင့် ကိုသီဟ အကြောင်းပါသွားစဉ်ကလည်း ဒေါ်ခင်မမသီအဖို့ သားကို လက်လွတ်ဆုံးရှုံး ရသလို ခံစားရကြောင်း ပြောသံကြားဖူးသည် ။ နောက်ပိုင်းကျတော့မှ သူ့သားကိုပင်မက သူ့မြေးကိုပါ မိုင်းရင်ခွင်မှ ခွဲယူသွားဖို့ ကြံစည်လာသည် မဟုတ်လား။ ထိုမျှပင်မက သားလေးဖိုးတာကိုပါ ယင်းတို့လိုချင်သော ပုံစံခွက်ထဲ လွဲမှားသော နည်းလမ်းအဖုံဖုံဖြင့် သွတ်သွင်းရန် အားထုတ်နေခဲ့ကြသည် ။

မိုင်းအဖို့ အရာခပ်သိမ်းကို အမှားနှင့် အမှန် ပိုင်းဖြတ်မရအောင် ချည့်နဲ့ စွာ ခံစားရသည် ။ သောက်ထားစားထားသော ဆေးဝါးပြင်းပြင်းများကြောင့် အမှန်ကို ကြည်လင်စွာ ဝေခွဲမရနိုင်ခဲ့ခြင်းရယ်လား မသိပါချေ။ သားလေးကို သူတို့လိုရာ ပြောင်းလဲဖို့ လုပ်နေသော်လည်း လက်ပိုက်ကြည့်နေရသည် အဖြစ်ရယ်ပါ။

မိုင်းအနေဖြင့် စိတ်ဓာတ်ပုံမှန် ပြန်ဖြစ်အောင် သိမ်းသွင်းအားထုတ်

ရပါလိမ့်မည်။ ရည်ရွယ်ချက် နှစ်ရပ်ကပင် မို င်းရင်မှာ စူးနစ်စွာ သူ့ အလိုလို ပေါ်ပေါက် လာပြီဖြစ်သည် ။ တစ်-ရည်ရွယ်ချက်ကတော့ သား လေးကို သူတို့ အရိပ်အောက်မှ ပြန်လည်ဆွဲယူရပါမည်။ နှစ်-ရည်ရွယ်ချ က်ကတော့ ဖေဖေ ဆုံးပါးခဲ့ရခြင်းနှင့် စပ်လျဉ်း၍ ဇစ်မြစ်အမှန်ကို ဖော် ထုတ်ရပါလိမ့်မည်။ ဖေဖေ ကိုယ်နှိုက်က သေခြင်းတရားထံ အရှုံးပေး လို၍ လား၊ သို့မဟုတ် ဖေဖေ့ကို မလိုလားအပ်သော လူတစ်ယောက် ယောက်၏ ပယောဂကြောင့် လား သိအောင် ကြိုးစားရမည့် တာဝန်က မိုင်းမှာ ရှိလာခဲ့ပြီ မဟုတ်ပါလား။

မိုင်း ဆေးရုံက ဆင်းပြီး အင်အားပြန်လည် မွေးမြူနေသည့် ကာလ တစ်လျှောက်လုံး သားလေးဖိုးတာကို မိုင်းထံ မခေါ်ခဲ့ကြပါ။ သားနှင့် ပ တ်သက်သည့် သတင်းလောက် အပေါ်ယံကြော လာလာအသိပေးခဲ့ကြ သည် ။ ကောင်းပါသည် ။ မိုင်းစိတ်ထဲမှာ လည်း လူမမာရုပ် ပေါက်နေ သည့် မိမိကိုယ်ကို သားလေးဖိုးတာ မမြင်မတွေ့စေချင်ပါ။

ဖေဖေ ဦးဇော်မို င်းနှင့် သားလေးဖိုးတာမှ လွဲ၍ ခင်ပွန်းကိုသီဟ သည် မို င်းစိတ်ထဲမှာ တစ်စတစ်စ သေးငယ်၍ ဝေးကွာသွားသလို ခံ စားရသည် ။ လှုပ်ရှားထမ်းရွက်ခဲ့ရသော အချစ်စိတ်များ သည် ရေနံဆီ သွေ့ခြောက်သွားသော မီးစာကြိုးနှယ် ဖြစ်ခဲ့သည် ။ ပြောမည် ဆိုသော် မို င်းစိတ်သဏ္ဍာန်တွင် ကိုသီဟ သေဆုံးသွားခဲ့ပြီဖြစ်သည် ။ စင်စစ်မှု ကိုသီဟသည် မိမိဇနီးဘက် အလေးသာရမည့် အစား မိခင်ဒေါ်ခင်မမ သီဘက် ယိမ်းယိုင်သွားသည် မှာ တစ်ဖက်စောင်းနင်း ဆန်လှ တော့သည် ။ မိခင်အပေါ် သိတတ်လွန်းသည့် သား ပီသလွန်းလှပါသည် ။ ဤသည် ကို ဆေးရုံရောက်မှ ပင် မိုင်း ပထမဆုံးအကြိမ် အမြင်ရှင်း လာခဲ့သည် ။ ထိုစဉ်က အထင်ကြီးမိခဲ့သော ကိုသီဟ၏ ကြည့်ပျော်ရှု ပျော် မျက်နှာပေါက် အတွေးအခေါ်ကောင်းသော မျက်လုံးအမူအရာတို့

သည် ယခုမူ မိုင်းအတွက် ချစ်ရိပ်စွန်းထင်းစရာ ဟုတ်မလာတော့ချေ။ နှစ်ကိုယ်တူ လျှောက်လှမ်းခဲ့သော (၉) နှစ်တာ ခရီးတွင် ပထမဦးဆုံး အကြိမ် သူစိမ်းပြင်ပြင် တစ်ဦးနှင့် တစ်ခရီးတည်း အတူတူ သွားနေမိသလို မိုင်းခံစားရသည် ။ မိမိကိုယ်ကိုလည်း တခြားကမ္ဘာမှ မိန်းကလေး သဖွယ် ဖြစ်ပေါ်သည် ။ တကယ်တော့ မိမိအဖြစ်က ကိုသီဟ၏ ရုပ်သဏ္ဍာန်ထက် အိပ်မက်အရိပ်ကိုဖမ်း၍ ချစ်ခဲ့ခြင်းပါ။ ဤသည် ကိုလည်း ကိုသီဟမိခင် ဒေါ်ခင်မမသီ၏ အလှော်ကောင်းမှု အဆွယ်ကောင်းမှု ကြောင်း ကြောင့် ပါပင်။ ကိုသီဟကိုယ်နှိုက်က မိုင်းအပေါ် သစ်စိမ်းချိုး ချိုးနေသလို မို င်းဘက်ကလည်း ကိုသီဟ၏ အချစ်သည် အေးစက် ထုံထိုင်းသွား ခဲ့ရသည် ။

အိုလေ …

အဲဒါတွေ အရေးမကြီးတော့ပါ။ သားလေးဖိုးတာ မိမိရင်ခွင်ထဲ ပြန်ရောက်လာဖို့ နှင့် ဖေဖေ သေဆုံးသွားရသည့် အကြောင်းအမှန်ကို အမှန်အတိုင်း သိလာဖို့ သာ မိမိအဖို့ တကယ်တမ်း အရေးကြီးနေသည် ပင်။

တစ်ကြိမ် နှစ်ကြိမ်လောက်တော့ သားလေးဖိုးတာနှင့် ဖုန်းစကားပြောဖို့ ကြိုးစား ကြည့်ဖူးသေးသည် ။ သင်းတို့ က မိုင်းနှင့် ဖိုးတာ တွယ်တာမှု ရှိလာမည်ကို စိုးရိမ်လှသည် ။ အကြောင်းတစ်မျိုး မဟုတ် တစ်မျိုးပြလျက် ဖုန်းခွက်ကို ပြန်ချသွားသည် ချည်း။ သို့နှင့် ပင် နောင်ကိုသားထံ ဖုန်းမဆက်သွယ်တော့ဖို့ မို င်း စိတ်တုံးတုံးချလိုက်သည် ။ မိုင်းရင်ထဲမှာ မူ မချိတရိ ရှိသည် အမှန်။

တစ်နေ့ …

ကိုသီဟ ရောက်လာသည် ။ အမှာ စကားတစ်ခု ပါလာသည် ။ "မေမေက ငွေသာယာကိုပဲ မင်းကိုခေါ်ခဲ့ဖို့ ပြောတယ် မိုင်း။ ရတနာစံအိမ်

မှာ ပဲ တို့ တစ်တွေ စုရုံးနေထိုင်ကြရမယ်တဲ့ ။ ယခု မင်းဖေဖေ သေမှုကို စွကို ရဲဘက်က စစ်ဆေးပြီးကြလို့ တံခါးသော့ဖွင့်ဖို့ ခွင့်ပြုလိုက်ပြီလေ"

ရင်ထဲမှာ အတန်ငယ် ထိတ်ပြာသွားသည် ။ ရတနာစံအိမ်သို့ ပြန်မသွားလိုတော့ပါ။ ဖေဖေ၏ နောက်ဆုံးကြေကွဲစရာ အဖြစ်အပျက် ရှိခဲ့ဖူးသောနေရာ မှိုင်း ရှော့ခ်ဖြစ်ပြီး သတိလစ်ခဲ့ရသော နေရာ၊ အားလုံးကို ပြန်အမှတ်ရှိစေမည့် နေရာ ပြန်မသွားချင်တော့ပါ။

"မင်းအမူအရာ ဘယ်လိုဖြစ်သွားရတာလည်း မှိုင်း။ မင်းမကြိုက် မနှစ်သက်လည်း မေမေရဲ့ ဆန္ဒ မေမေစီစဉ်တဲ့ ကိစ္စတိုင်းဟာ ဘယ်တော့မှ မှားတယ်လို့ မရှိဘူး။ ရတနာစံအိမ်ဟာ တို့ အတွက် ဘဝဇာတ်မြုပ်မဲ့ နေရာဌာနတစ်ခု ဖြစ်သင့်တာ အမှန်ပဲ။ မင်းငြင်းမယ် စိတ်မကူးနဲ့ "

ကြည့်စမ်း သူ့မိခင်၏ ဩဇာသက်ရောက်မှုကို မပယ်ရှားဝံ့သည့် သူပါလား။

မှိုင်း သူ့စကားအပေါ် အလေးအနက်ထားဟန် မပြဘဲ သိလိုရာကိုသာ စူးစမ်းမိလိုက်ပါသည် ။

"သားလေးဖိုးတာကော တစ်ချိန်လုံး မောင့်မေမေရဲ့ အပါးမှာ ပဲလား "

"ဒါပေါ့ကွယ် မေမေက သူ့မြေးကို အရာရာတွေထက် အစွဲလမ်းဆုံးပဲဟာ။ ရတနာစံအိမ်မှာ တို့ တစ်တွေ စုစုဝေးဝေး နေစေချင်တာ အကြောင်းရှိတယ်။ ရတနာဆိုတဲ့ အနက်အဓိပ္ပာယ်က အဖိုးထိုက်တဲ့ အရာတွေ အားလုံးစုဝေးနေတဲ့ အဓိပ္ပာယ်ပဲ မဟုတ်လား။ စိန်လို ရွှေလို ကျောက်သံပတ္တမြားတွေ အားလုံးပေါင်းစည်းမှ မေမေက ရတနာတွေလို သဘောထားတယ် တို့ နဲ့ ပတ်သက်တဲ့ သူတွေအားလုံးကိုလည်း မေမေက ရတနာစံအိမ်ကြီးမှာ တစ်စုတစ်ဝေးတည်း ရှိစေချင်တဲ့ ဆန္ဒ ရှိတ

ယ်လေ။ တစ်စစီ ကျဲပြန့်နေတာကို နောက်ဆုံး ခေါင်းချချိန်မှာ မတွေ့ချင်တော့ဘဲ သဘောပဲပေါ့ မိုင်း။ အထူးသဖြင့် သူ့သားနဲ့ ပတ်သက်နေတဲ့ မင်းကိုရော သားလေးဖိုးတာကိုရော သူ့မျက်စိအောက်မှာ ပဲ ရှိနေစေချင်တာ မေမေ ဆန္ဒသဘောတစ်ခုပဲ။ မေမေဟာ ရတနာစံအိမ်ကို ဘယ်အခြေအနေမှာ ပဲ ရောက်ရောက် မစွန့်ပယ်နိုင်ဘူး ဆိုတာလည်း မင်းအသိပဲ"

မိုင်းပါးစပ်ထဲမှာ အာတွေခြောက်လာသည့် နှယ် ရှိသည် ။ ရင်ထဲမှ ပို၍ချင်အန်ချင်သလို မအီမလည်ကြီး ရှိသည် အမှန်။ သို့နှင့် အသင့်ဖျော်ထားသော ကြွေအိုးထဲမှ ကော်ဖီတွေကို ပန်းကန်ထဲ လောင်းထည့်ပြီး အသာယာ မှုတ်သောက်နေမိသည် ။

ကိုသီဟက စာရွက်ခေါက်ကလေး တစ်ခုကို အိတ်ထဲမှ ထုတ်ယူလာရင်း ပြောပြသည် ။

"မင်းဆီကို မေမေကိုယ်တိုင် ရေးပေးလိုက်တဲ့ စာပဲ မိုင်း။ စာထဲမှာ မေမေ့သဘောထားတွေ အကုန်ဖော်ထုတ်ထားတာကို မင်းဖတ်ကြည့်ရင် သိပါလိမ့်မယ်"

မိုင်း ကော်ဖီပန်းကန်ကို စားပွဲပေါ် ပြန်တင်လျက် ခုတင်ပေါ်တွင် ဖြည်းညင်းစွာပင် ထိုင်လိုက်မိသည် ။ ကိုသီဟက သူ့မေမေ၏ အမှာ တော်ပါ စာရွက်ခေါက်ကို မိုင်းအနီးသို့ ပစ်ပေးခဲ့သည် ။

အကယ်စင်စစ် ...

ဒေါ်ခင်မမသီ အနေဖြင့် ရတနာစံအိမ်ကြီးတွင် နောက်ဆုံး ခေါင်းချသွားလိုချင်သော ချစ်ခြင်းတစ်မျိုး တွယ်ကပ်လာသောကြောင့် လည်း ဖြစ်ချင်ဖြစ်မည်ပင် ပြောမည်ဆိုက ဒီလိုဆန္ဒမျိုး ဖြစ်ပေါ်လာခဲ့ခြင်းကိုလည်း အပြစ်ဟု မဆိုသာပါ။ ဘာကြောင့် ဆိုသော် ရတနာတွင် ဒေါ်ခင်

မမသီနှင့် ပတ်သက်၍ အမှတ်ထင်စရာ ဘဝဇာတ်ကြောင်းတွေ မြောက်မြားစွာပင် ပြည့်နှက်နေခဲ့ပြီ မဟုတ်လား။

နိုင်ငံရပ်ခြားတွင် အ လုပ်သွားလုပ်ကိုင်ခဲ့သော သံအမတ်ကြီး၏ သမီးဖြစ်ခဲ့ဖူးသည့် ဒေါ်ခင်မမသီသည် နဂိုအခြေအနေကပင် ကျိုကျိုတက် ချမ်းသာခဲ့သည် ။ ကလေးဘဝအရွယ် ကတည်းက နယ်အနှံ့ ရောက်ခဲ့ဖူးရာမှ "ငွေသာယာ" ကို ပထမဦးဆုံး မျက်စိကျခဲ့သူမှာ ဒေါ်ခင်မမသီပင် ဖြစ်ခဲ့သည် ။ ပင်လယ်ကမ်းခြေရှိသော တော တောင် ရှုခင်းလှပသော ငွေသာယာ ကားလမ်းပေါက်၍ လည်း မကြာခဏ ရောက်ခဲ့ဖူးသည် ။ ဆန်းကြယ်သော အဆောက်အဦများကို တောင်ကုန်း တောင်တန်းများ ပေါ်မှာ ဖြတ်သန်းရင်း တွေ့နေကြဖြစ်ခဲ့သည် ။ ထိုစဉ်ကတည်းကပင် တစ်နေ့နေ့ သည် အရပ်ပိုင်းဆီသို့ လာရောက် အခြေချသွားဖို့ ဆုံးဖြတ်နေမိသည် ။

ဟော ...

စာအုပ်ထုတ်ဝေဖြန့်ချိသူ သူဌေးကြီးဦးသိန်းနှင့် အကြောင်းပါ ဖြစ်သောအခါ ဒေါ်ခင်မမသီ၏ အိပ်မက်သည် အကောင်အထည် ပေါ်လာဖို့ အကြောင်းဆိုက်ခဲ့ရသည် ။ ဒေါ်ခင်မမသီတွင် ကွယ်လွန်သူ မိဘနှစ်ပါး ချန်ထားရစ်သော အမွေဆိုင်ပစ္စည်း အမြောက်အမြား ကျန်ရစ်သည် ။ ဦးသိန်း၏ ချမ်းသာမှုနှင့် တစ်ဖန် ပေါင်းစပ်လိုက်သောအခါ ဒေါ်ခင်မမသီ၏ လက်ညှိုးညွှန်ရာမှာ ရေအတိ ဖြစ်ခဲ့ရသည် ။

ရဲတိုက်ဆန်ဆန် အဆောက်အဦကြီးများ မူလပကတိ ကတည်းက ရှိခဲ့သော ခြံအဝန်းအကွက်သည် ဒေါ်ခင်မမသီ၏ ချမ်းသာမှု အရိပ်အောက်သို့ ရောက်လာသည် ။

သူတို့ စာအုပ်တိုက်တွင် အစဉ်လက်တွဲခဲ့သော မိုင်ုင်း၏ ဖေဖေ ဦး

ဇော်မိုင်းကိုပါ သူတို့ နယ်ပယ်ထဲ ထည့်သွင်းလိုက်သည် ။ ထိုစဉ်က တော့ မိုင်း၏ ဖေဖေသည် မုဆိုးဖိုတစ်ယောက်သာ ဖြစ်သည် ။ သမီးတစ်ယောက် ဖခင်သာဖြစ်သည် ။

မည်ရွေ့မည်မျှပင် စည်းစိမ်ချမ်းသာ ကြွယ်ဝသော်လည်း မမြင်နိုင်သော အကုသိုလ်ကံတရားကိုမူ တားဆီး၍ ရရိုးထုံးစံ မရှိသည့် အတိုင်း ...

ရတနာစံအိမ်တွင် ပထမဦးဆုံးသော အနိစ္စတရားကို ကြုံတွေ့လိုက်ရသူသည် ဒေါ်ခင်မမသီ၏ ခင်ပွန်းသူဌေးကြီး ဦးသိန်ပင် ဖြစ်နေခဲ့ရသည် ။ ချမ်းသာမှုဒဏ်ကို မခံစားနိုင်သော သဘောအဓိပ္ပာယ်ကိုလား မဆိုနိုင်ပြီ။ တစ်တောင့်သော ကျည်ဆန်ဖြင့်ပင် လူ့ဘဝကို ခါးဖြတ်၍ ကျောခိုင်းသွားလေခြင်းပါ။

ထိုမှ ...

တစ်ဖန်

လအပိုင်းအခြားလောက်မှာ ပင် ဆက်တိုက်ဆိုသလို ဒေါ်ခင်မမသီ၏ သားကြီးနှင့် သမီးကြီးများ ဖြစ်ကြသော ထွန်းသိန်နှင့် နွေနှောင်းသီတို့ မောင်နှမနှစ်ယောက် လှေတိမ်းမှောက်၍ ရေနစ်သေဆုံး သွားရမည့် အဖြစ်။

နွေနှောင်းသီမှာ အပျိုစင် ဖြစ်သော်လည်း သားကြီး ထွန်းသိန်မှာ မူ ဇနီးရှိသော အိမ်ထောင်သည် တစ်ယောက်ဖြစ်သည် ။ ဇနီး အသစ်စက်စက်နှင့် ညားခါစကာလပင် ရှိသေးသည် ။ နာမည်က မြနန်းခင်။

သြော်- မုဆိုးမလေး မြနန်းခင်သည် လည်း လင်သေဆုံး၍ အထီးကျန်ခဲ့သော နေ့ရက်ကာလများကို သိပ်ပင်မခံစားလိုက်ရဟန် မရှိ

ပါ။ ခင်ပွန်းသည် ထွန်းသိန်း သေဆုံး၍ ခြောက်လခန့် အကြာမှာ ပင် နောက်ထပ် သူတော်စင် ထူထောင်ဖို့ အကြောင်းဆိုက်ခဲ့ရသည် ။ ဒါက လည်း ဒေါ်ခင်မမသီ၏ စီမံမှုအောက်တွင် အလျှော့ပေးခဲ့ရ၍ သာ ဖြစ်သ ည် ။ မြနန်းခင်နှင့် နောက်ထပ်တစ်စင် ထူခွင့်ရခဲ့သူမှာ တခြားမဟုတ် မှ ုင်း၏ ဖေဖေ ဦးဇော်မိုင်းသာပါတည်း။

ချိတ်ချိတ်ခြင်း ချိတ်လိုက်သည့် သဘောမျိုးပင်လား မသိ။ သို့သော် ...

မုဆိုးဖိုနှင့် မုဆိုးမတွေဟု ဆိုလင့်ကစား ဖေဖေဦးဇော်မိုင်း၏ အသ က်အရွယ်နှင့် မြနန်းခင်၏ အရွယ်က ကွာခြားလွန်းလှသည် ။ ဖေဖေက အသက်ငါးဆယ်အရွယ်၊ မြနန်းခင်က အသက်သုံးဆယ်ပင် မရှိတရှိ။ မို င်းထက်ကြီးလှ လေးငါးခြောက်နှစ်ခန့်သာ။ ပြီးတော့ မြနန်းခင်က သား သမီး မမွေးဖွားဖူးသည့် မိန်းမသားစစ်သာပါ။

မြနန်းခင် အနေဖြင့်မူ လူပျိုလူလွတ် တစ်ယောက်နှင့် နောက်ထပ်ဘ ဝသစ် တည်ထောင်နိုင် သော်လည်း ယောက္ခမဖြစ်သူ ဒေါ်ခင်မမသီ၏ တစ်သွေးတစ်သံတစ်မိန့်ကို ဖီဆန်မဝံ့၍ သာ ဖေဖေ့ကို ခေါင်းညိတ်ခဲ့ရ ခြင်းဖြစ်သည် ။ မြနန်းခင် အနေဖြင့် များ စွာ နစ်နာလှသည် ကို မိုင်း စာနာ နားလည်နိုင်ခဲ့သည် ။ မချစ်သော်လည်း အောင့်ကာ နမ်းခဲ့ရသော ဘဝတစ်မျိုးရယ်ဟု ဆိုရမလား မသိပါ။

သည် ကတည်းကပင် ...

စာနာမှု ကင်းမဲ့လွန်းလှသည့် ဒေါ်ခင်မမသီအပေါ် မို ု င်းနည်းနည်း တော့ စိတ်ခုမိခဲ့သည် အမှန်။ ဘာမဆို ငွေရှိလျှင် ဖြစ်နိုင်စွမ်း ရှိသည် ဆို သော မူဝါဒကို ကျင့်သုံးသည့် ပဒေသရာဇ် ခေတ်ကာလ၏ အယူအဆ တစ်ခုကို သည် အဘွားကြီး မစွန့်ပယ်သေးပါ။

ဘာပဲပြောပြော ...

ဖေဖေလို အသက်အရွယ်ကြီးသူ တစ်ယောက်ကို လင်အပြုခံရသည့် မြနန်းခင် ငြိုငြင်ခက်ထန်သော အမူအရာ တစ်ကြိမ်တစ်ခါမျှပင် ပြခဲ့သည် ကို မှိုင်းမမြင်ခဲ့ရပါ။ ဖေဖေ့ကိုယ်၌ ကလည်း မြနန်းခင်ကို လိမ္မာရေးခြားရှိသည့် ဇနီးကောင်း တစ်လက်ကို သိမ်းပိုက်ခွင့် ရခဲ့၍ ကျေနပ်နှစ်သိမ့် နိုင်ပုံရပါ၏။ ပြောမည်ဆိုက မြနန်းခင်ကလည်း ဖေဖေ့အသည်းပြင်ကို သိမ်းကျုံးယူနိုင် လောက်အောင် ဆွဲဆောင်နိုင်သော မိန်းမချောတစ်ဦးပါပေ။

လင်ဆုံး၊ သားသမီးသေ၊ ကြမ္မာဆိုးဝါးခဲ့သော ဒေါ်ခင်မမသီအဖို့ မူ ရတနာစံအိမ်သည် ယူကျုံးမရဖွယ် အမှတ်ထင်စရာ အရပ်တစ်ခု ဖြစ်ရလေပြီ။

သို့စဉ်လျက် ...

လောကဓံ၏ လှိုင်းပုတ်မှုဒဏ်ကို ကြံ့ကြံ့ခံဝံ့သည့် ဒေါ်ခင်မမသီသည် လက်ငုတ်လက်ရင်း ကျန်ခဲ့သော လုပ်ငန်းများ ပင်မက တခြားကြီးမားသော အရောင်းအဝယ် ကိစ္စများ တွင် လည်း ကိုယ်တိုင်ကိုယ်ကျ ဦးစီးလုပ်ကိုင် နေတုန်းပင်။

ဆန်းပြားသော ရတနာပစ္စည်းမျိုးစုံ၊ ထူးထွေသော ရှေးဟောင်းရုပ်တုများ ရှာဖွေမှုတို့ တွင် ဖေဖေနှင့် ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည် ။ ဖေဖေဦးဇော်မှိုင်းသည် လုပ်ငန်းတွဲလုပ်ရာတွင် နဂိုမူလ ကတည်းက ဒေါ်ခင်မမသီအပေါ် အစေးမကပ်သော်လည်း မြနန်းခင်၏ မျက်နှာကို ထောက်ထား၍ သာ လက်တွဲနေခဲ့သည် ။ မြနန်းခင်ဆိုသည် ကလည်း တခြားမဟုတ် တစ်ချိန်တစ်ခါက ဒေါ်ခင်မမသီနှင့် ပတ်သက်ဖူးသော ချွေးမတစ်ယောက်ပင် မဟုတ်လား။

ဟော ...

မကြာမီကာလမှာ မိုင်းကိုယ်တိုင်က ဒေါ်ခင်မမသီ၏ ကျန်ရစ်သော သားငယ်ကိုသီဟနှင့် ပတ်သက်လာသောအခါ ဖေဖေ့အဖို့ အဘယ်ပြော ဖွယ်ရာ ရှိတော့မည်နည်း။

သြော် ...

အခုတော့မူ

ဖေဖေ့ကို လိုရာကြိုးဆွဲ လှုပ်ရှားစေခဲ့သော ဒေါ်ခင်မမသီသည် မိုင်း ရင်ခွင်မှ သားလေးဖိုးတာကိုပင် လိုရာပုံသွင်းဖို့ အားထုတ်နေပြီကော။ ဆွဲခေါ်ယူတော့မည် သဘောများ လား မဆိုနိုင်ချေ။

ပြီးတော့ ...

မို င်းကိုပါ ရတနာစံအိမ်သို့ ပြန်ရောက်စေချင်သည့် သဘောက တော့ သွေးရိုးသားရိုးမှ ဟုတ်ပါရဲ့ လား။

မိုင်းသည် ရတနာစံအိမ်ကို ပြန်လည် အခြေချရမည်ကိုပင် အလိုလို စိုးရွံ့နေသလို ရှိသည် ။ ရဲတိုက်ဆန်ဆန် အဆောက်အဦကြီးထဲ၌ ကြောက်ခွဲဖွယ်ရာကောင်းသော ဖေဖေ့၏ ဝိညာဉ် ရှင်သန် ထမြောက်နေဆဲ ရှိသည် ဟု စိတ်ဝင်စားနေသည် ။ မိုင်းကျန်းမာရေး အလျှင်းမကောင်း သေးသော နိမိတ်ကြောင့် သာ သည် နှယ်ခံစားနေရရော့လားဟု မ ပိုင်းဖြတ်နိုင်ခဲ့ပါ။

"မင်းအနေနဲ့ ဒီလောက်တောင် တွေတွေဝေဝေ ဖြစ်နေဖို့ မကောင်း ဘူး မိုင်း။ ဒီလိုဖြစ်နေလို့ လဲ အပိုပဲ။ ဘာဖြစ်လို့ လဲဆိုတော့ မိုင်း ဆေး ရုံတက်နေတဲ့ ကာလကတည်းမှာ ပဲ စမ်းချောင်းမှာ ရှိနေတဲ့ တို့ ရဲ့ ခြံ ကြီးကို သိန်းပေါင်း မြောက်မြားစွာနဲ့ ရောင်းလိုက်လို့ ပဲ။ ဟိုမှာ ပဲ တစ်

သက်လုံး နေထိုင်သွားတော့မယ်ဆိုတဲ့ အဆုံးအဖြတ်ပဲပေါ့။ ပြောမယ်ဆို အမေအရွယ်ကလည်း အခုချိန်မှာ ဘာကိုမှ ဦးစီးမလုပ်ကိုင်ဘဲ နားနား နေနေနဲ့ နေထိုင်သွားရတော့မယ့်အခါ ကာလပဲလေ"

ကိုသီဟက ဘောင်းဘီအိတ်ထဲမှ စီးကရက်ဘူးထုတ်၍ တစ်လိပ်ကို ညှိဖွာရှိုက်လိုက်သည် ။

"ဩော် ... စမ်းချောင်းမှာ ရှိတဲ့ ခြံကြီးကို ရောင်းလိုက်ပြီကိုး။ တစ်ချိန်ချိန်မှာ အဲဒီကို မှိုင်းတို့ မိသားစု ပြောင်းရွှေ့ပြီး နေထိုင်ရမယ်ဆိုတာ အခုတော့ အိပ်မက်ဖြစ်သွားပြီပေါ့ ဟုတ်လား မောင်"

ကိုသီဟ မှိုင်းနှင့် မျက်နှာချင်းဆိုင်မှ ကုလားထိုင်တွင် ဝင်ထိုင်ပြီး ပြောပြသည် ။

"ဘာလဲ မင်းက ရတနာစံအိမ်ကို ပြန်မသွားချင်တော့လို့ လား"

"မှိုင်းအဖို့ ရတနာစံအိမ်ဆိုတာ ပြန်သွားချင်စရာကောင်းတဲ့ နေရာ တစ်ခုမှ ဟုတ်ရဲ့ လားလို့ သံသယ ရှိနေသလိုပဲ"

"သံသယ ... ဟုတ်လား။ ကဲ ... ပြောစမ်းပါဦး။ ဘာကို သံသယရှိတာလဲ။ သံသယဆိုတဲ့ အနက်အဓိပ္ပာယ်ဟာ တစ်ခုခုအပေါ် မကြွေလည်သေးတဲ့ သဘောပဲ။ ကိုယ့်မေမေအပေါ်မှာ လား၊ ကိုယ့်အပေါ်ကိုလား ဒါမှ မဟုတ် ..."

"မှို င်းဆိုလိုတဲ့ အထဲမှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်မှ မပါဘူး မောင်။ ဖေဖေနဲ့ ပတ်သက်ခဲ့တဲ့ နေရာဟောင်းကို ပြန်ရင်ဆိုင်ရမယ့် မှိုင်းစိတ်ကိုမှိုင်း အခုထက်ထိ မပိုင်းဖြတ်နိုင်တာကို ပြောတာပါ"

ကိုသီဟ ပါးစပ်ထဲမှာ စီးကရက်ငွေ့များကို မှုတ်ထုတ်လိုက်သည် ။ ပြီးတော့ သက်မတစ်လုံး မှုတ်လိုက်သလိုပြုပြီး ပြောသည် ။

"အင်းလေ … ဒါကတော့ မင်းအပိုင်းပဲ။ ဒါပေမဲ့ မေမေ့ဆန္ဒ တစ်ခုတည်းနဲ့ ပြောတာ မဟုတ်ဘူး ။ ကိုယ့်ဆန္ဒကလည်း ဘဝမှာ တစ်ယောက်တည်းနဲ့ အဆုံးသတ်သွားရတော့မယ့် မေမေ့နားမှာ စိတ်ချမ်းသာအောင် နေပေးစေချင်တာပါ။ အခြွေအရံသင်းပင်း တွေနဲ့ ထားခဲ့ပြီး ကိုယ်တို့ မိသားစု ခွဲခွာသွားတာနဲ့ ပဲ မေမေ့အသက်ဟာ မသေသင့်ဘဲ သေရလိမ့်မယ်။ မေမေဟာ သူ့မြေးဖိုးတာကို အချစ်ဆုံးပဲ မဟုတ်လား။ တို့ တစ်တွေဟာ သားကို အမေ့ရင်ခွင်က ဆွဲနုတ်ယူသွားရင် မေမေ ရင်ကျိုးပြီး သေဆုံးရလိမ့်မယ်"

ကိုသီဟ ထိုင်ရာမှ ပြန်ထလျက် စီးကရက်ကို ကြမ်းပြင်တွင် ပစ်ချ၍ ခြေဖြင့် နင်းသတ်လိုက်သည် ။

"ကိုယ် မြို့ထဲမှာ ကိစ္စနည်းနည်းရှိလို့ သွားလိုက်ဦးမယ်။ မင်းဆီကို မင်းမိထွေး မမြနန်းခင်ရောက်ချင် ရောက်လာလိမ့်ဦးမယ်။ သူလည်း မင်းကိုတွေ့ဖို့ မေမေ့ဆီမှာ ခွင့်ပန်နေတာ ကိုယ်မြင်ခဲ့တယ်။ ကဲ … ကျေးဇူးပြုပြီးတော့ ကိုယ့်မေမေ ရေးလိုက်တဲ့ စာကိုလည်း ဖတ်ထားပါဦးနော် ။ ကိုယ် မနက်ကျမှ လာခဲ့မယ်"

ကိုသီဟ ရောက်လာပုံမှာ သူစိမ်းဆန်၍ ထွက်သွားပုံမှာ လည်း ဪသည် ဆန်လွန်းလှသည် ။

မှိုင်းတစ်ယောက် နေကောင်းလား၊ ဘယ်လိုများ နေထိုင်လဲ။ ဆရာဝန်ကော ဂရုစိုက်ရဲ့ လား စသည့် ပဋိသန္ဌာရစကား တစ်ခွန်းတလေ လောက်တော့ ပြောဖို့ ကောင်းသည် ။ အခုတော့ကြည့် ဪသည် ကမှသာ ပေလိမ့်ဦးမည်။ ကိုသီဟပုံစံက အမိန့်ပေးသော အလုပ်ရှင်ဆန်လှသည် ။ သူပြောချင်ရာ သူလုပ်ချင်ရာ တစ်ခုမှ လွဲ၍ ဘာမှ မသိသော တစ်ဖို့ တည်းသမား ပီသသည် ။

မှိုင်း သိလိုက်ပါပြီ။

***

# အခန်း (၂)

ဒေါက် ... ဒေါက် ... ဒေါက် ...

နောက်တစ်နေ့မနက် တံခါးခေါက်သံ မြည်လာသည် နှင့် မောင်များ ပြန် လာလေရော့ သလားဟု မှိုင်းထင်လိုက်သည် ။ လေးတိလေးလံဖြင့် ခုတင်းမှ ဆင်း၍ ထမီကို ပြင်ဝတ်လိုက်သည် ။ ခေါင်းမှ ဖွာရရာဆံပင်များကို အသာသပ်တင်၍ ရှေ့သို့ ခြေလှမ်းမည်ဖြင့် လိုက်သည် ။

"ဟေး ... ဟေး ... မှိုင်း၊ အိပ်ရာက မထသေးဘူးလားကွ"

ဩော် ... မောင် မဟုတ်ပါလား။

မမြနန်းခင် ...

"ထပါပြီ မမခင်၊ မှိုင်းက မောင်အောက်မေ့လို့ ချက်ချင်း တံခါးဖွင့်တာပါ"

မှိုင်းက ပြောပြောဆိုဆို ပြေးပြေးလွှားလွှား တံခါးချက် ဖြုတ်ပေးလိုက်သည် ။ တံခါးအဖွင့်မှာ မြနန်းခင်ကို ပြုံးမျက်နှာပေးဖြင့် တွေ့လိုက်ရသည် ။

"ဧကန္တ ငါ့ညီမမှိုင်း၊ ကိုယ်တော်ချောနဲ့ စကားများ ထားပြီးနဲ့ တူတယ်"

"မဟုတ်ပါဘူး မမခင် မများ ပါဘူး။ ကဲ ... လာလာ။ အထဲမှာ အေး

အေးဆေးဆေး ထိုင်ပြီး ပြောကြရအောင်"

"အင်း ... မမခင် အခုလို ရုတ်တရက် ရောက်လာတော့လည်း ငါ့ညီမမိုင်းကို စကားအများကြီး ပြောစရာရှိလို့ ပဲကွယ့်။ ကဲ ... ရော့ ညီမလေးစားဖို့ "

မြနန်းခင်က လက်ထဲမှ စက္ကူအိတ်ရှည်ကြီးနှင့် ထည့်ယူလာသောအထုပ်ကြီးကို လှမ်းပေးသည် ။

"ဘာတွေလဲ"

"လူမမာ ဓာတ်စာတွေပေါ့ကွယ်"

"ဩော် ... မမခင်ကလည်း ဒုက္ခရှာပြီး ဝယ်လာရတယ်လို့ "

"အိုကွယ် ... ကိုယ့်သမီးအတွက် ကိုယ်ဝယ်ယူလာတဲ့ ဟာပဲဟာ။ ဒုက္ခလားလို့ "

မြနန်းခင်က ပြောင်ချော်ချော် မျက်နှာဖြင့် လှမ်းအကြည့်၊ မိုင်းအသာ မျက်လွှာချ၍ ...

"ကဲပါ ... ကဲပါ မမခင်ရယ်။ မိုင်းအပေါ် သမီးလိုပဲ အသိအမှတ်ပြုပြု၊ ညီမလိုပဲ သဘောထားထား။ မမခင်ရဲ့ စေတနာကိုတော့ မိုင်းလေးစားရပါတယ်"

လက်ထဲမှ အထုပ်ကိုယူပြီး လက်တစ်ဖက်က မြနန်းခင်၏ လက်မောင်းကို ချစ်လှစွာ ဖေးမကိုင်တွယ် လာခဲ့သည် ။

ခုတင်စွန်းတွင် မိုင်းတို့ နှစ်ယောက် အသာထိုင်ချလိုက်သည် ။

"မမခင် ရောက်လာမယ်ဆိုတာ မိုင်းကြိုတင် သိထားပြီးသား မမခင်"

"ဘာလဲ မင်းရဲ့ ချစ်မောင်မောင် ပြောသွားလို့ မဟုတ်လား"

"ဟုတ်တယ် မမခင်။ ဒါပေမဲ့ မောင်ဟာ မိုင်းရဲ့ ချစ်မောင်မောင် မဟုတ်တော့ပါဘူး။ စိမ်းမောင်မောင် ဖြစ်သွားပါပြီ"

မိုင်း၏ အသံက စကားအဆုံးတွင် တိမ်ဝင်သွားသည် ။

"အင်း ... မမခင် သိပါတယ်။ တစ်နေ့နေ့မှာ ငါ့ညီမ မိုင်းဆီက မောင်သီဟနဲ့ ပတ်သက်ပြီး ဒီလိုအသံမျိုး ထွက်လာမယ်ဆိုတာ။ တကယ်တော့ ပြတ်သားမှု မရှိတဲ့ အထဲမှာ ဒီကိုယ်တော်ချောက ထိပ်ဆုံးကပဲ"

"ကဲ ... ဆိုပါဦး မမခင်။ မိုင်းကို မမခင် စကားတွေ အများကြီး ပြောချင်လို့ ဆိုတာလေ"

"ဟုတ်တယ် ညီမမိုင်း။ မမခင် အဓိက ပြောချင်တာကတော့ ရတနာစံအိမ်ကို ညီမပြန်ခဲ့ဖို့ တိုက်တွန်းတဲ့ သူတို့ သားအမိရဲ့ စကားနားမထောင်နဲ့ လို့ ဆိုချင်တာလည်း ပါတယ်"

"ရှင် ဘာရယ် မမခင်"

"မမခင်ဆီက ဒီစကား ကြားရလို့ မင်း သိပ်အံ့ဩသွားသလား မိုင်း။ မမခင်ကိုလည်း ဒေါ်ခင်မမသီရဲ့ ဘက်တော်သားလို့ မင်း ထင်ထားတာ မဟုတ်လား"

"အမှန်အတိုင်း ဝန်ခံရရင် မိုင်း ဒီလိုပဲ ထင်ထားတာပဲ။ မမခင်ဟာ အမေသီရဲ့ သြဇာကို ကျေကျေနပ်နပ် ခံယူနေတာလို့ မိုင်း ယူဆနေခဲ့တာ"

"တခြားအချိန်တွေမှာ ထားပါ။ ဒါပေမဲ့ မိုင်းအပေါ် သြဇာပေးသလို လွှမ်းမိုးဖို့ ကြိုးစားနေတာကိုတော့ မမခင် လုံးဝငြိမ်ကြည့် မနေနိုင်ဘူး။ အဆိုးဆုံးကတော့ ကိုယ့်သားကို မိခင်နှင့် ပေးမတွေ့ခဲ့တာ အယုတ်တ

မာ ဆန်လွန်းတဲ့ လုပ်ရပ်ပဲ"

"အဲဒါကို မှိုင်းကိုယ်တိုင်လည်း ခံစားမိပါတယ်။ သားလေး ဖိုးတာကို မှိုင်း ဖုန်းနဲ့ ဆက်ဆံတာတောင် ဘာဖြစ်လို့ ပိတ်ပင်ချင်ရတာလဲ။ အဲဒါကို မှိုင်း မခံမရပ်နိုင်ဆုံးပဲ။ ကဲပါ မမခင်၊ အဲဒါအသာထား မှိုင်း ရတနာစံအိမ် ပြန်လာတာကို မမခင် ဘာပြုလို့ ပိတ်ပင်တာလဲ"

"ဘာဖြစ်ရမှာ လဲ မှိုင်း။ ဒီအဘွားကြီးရဲ့ လုပ်ရပ်ဟာ ငွေညီမအပေါ် ရိုးသားမှု မရှိနိုင်ဘူးလို့ မမခင် ထင်တဲ့ အတွက်ကြောင့် ပဲ။ မင်းကို ရတနာစံအိမ် ပြန်လာစေချင်တာ ဒီအဘွားကြီးမှာ အကြောင်းရှိရမယ်။ အထူးသဖြင့်တော့ ကောင်းသောအကြောင်းထက် မကောင်းသော အကြောင်းဘက်ပဲ ဖြစ်ဖို့ များ တယ်"

"ရှင် ... ဘယ်လို၊ ဘယ်လို မမခင်။ အမေသို့မှာ အကြံတစ်ခုခု ရှိနေမယ်လို့ မမခင် ထင်နေလို့ လား။ မှိုင်းကြောင့် သူတို့ မှာ ပယောဂ တစ်ခုခု ရှိနေနိုင်မယ့် သဘောလား"

"ဒါတော့ တပ်အပ် မမခင် မသိဘူး မှိုင်း။ အခုတစ်လော မမခင် စိတ်မှာ ရတနာစံအိမ်နဲ့ ပတ်သက်လို့ မကောင်းတဲ့ အရိပ်နိမိတ်တွေ ကြိုမြင်နေရတယ်လို့ ခံစားရတယ်။ တစ်လျှောက်လုံး အဆိုးတွေသာ တစ်ခုပြီးတစ်ခု ရှိနေတဲ့ ဒီလိုရဲတိုက်ဆန်ဆန် အိမ်ကြီးကို စွန့်မပစ်ရဲတာ ဒီအဘွားကြီးမှာ အကြောင်းရှိကိုရှိရမယ်။ အဲ ... နောက် ထပ်နိမိတ်ဆိုးတစ်ခုခုထဲမှာ ငွေညီမ မှိုင်းနဲ့ ဖိုးတာ တွယ်ငြိခံသွားရမဲ့ အဖြစ်ကို မမခင် အစိုးရိမ်ဆုံးပဲ။ မှိုင်းဟာ လင်ဘက်ကပါတဲ့ သမီးဖြစ်ပေမဲ့ မှိုင်းနဲ့ ပတ်သက်လာရင် မမခင်က အများကြီးတာဝန် ရှိနေသလို စိတ်မှာ ထင်ထားတယ်။ သိလား မှိုင်း"

"ဩော် ... မမခင်ရယ်၊ မှိုင်းဟာ ဖေဖေ ဦးဇော်မှိုင်းရဲ့ သမီးပါ။

လာမဲ့အန္တရယ်ကို ပြေးရင်ဆိုင်ရဲတဲ့ သတ္တိမျိုး မိုင်းမှာ လည်း ရှိပြီးသား ပါ။ မနေ့က မောင်လာမေးတဲ့ အထိ မိုင်းမှာ ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင် နိုင် မချရသေးပါဘူး။ အခုတော့ မိုင်းစိတ် တုံးတုံးချ လိုက်ပြီးပါပြီ။ မို င်းမှာ ဖေဖေ သေဆုံးသွားတဲ့ အတွက် တာဝန်တစ်ခု အကြွေးတင်နေသ လိုပဲ။ ပြီးတော့ ရတနာစံအိမ်ရဲ့ အရိပ်သြဇာအောက်မှာ နစ်မွန်းရတော့မဲ့ မိုင်းရဲ့ သားလေး ဖိုးတာကို မိုင်းလက်ထဲ ပြန်ရောက်အောင် ကြိုးစား ရတော့မယ်"

"မင်းရဲ့ အဓိဋ္ဌာန်ကြီးက အင်မတန် မဟာဆန်လှပါလား မိုင်း။ မမ ခင်ကတော့ တားရမဲ့အချိန်အခါ ရောက်လာလို့ တားရတာပဲ။ အေးလေ မင်းမှာ လည်း ရည်ရွယ်ချက် ရှိနေတော့ မမခင် တားလည်း ရမှာ မှ မ ဟုတ်ဘဲ။ တစ်ခုတော့ ရှိတယ်။ သတိကိုတော့ ပေါ့လျော့ထားလို့ မဖြစ် ဘူး"

"ဒါတော့ စိတ်ချပါ။ ဒီထက် မမခင်ကို မိုင်းတစ်ခုလောက် မေးချင် တယ်"

"ငါ့ညီမ ဘာမေးချင်လို့ လဲ။ မမခင် ဖြေနိုင်တာကို ဖြေပါ့မယ်။ ကဲ ... ဆို"

မိုင်း မြနန်းခင်ကို မေးရမည့် မေးခွန်းအပေါ် နည်းနည်းဝန်လေးစ ရာ ဖြစ်နေ၍ ချီတုံချတုံ ဖြစ်သွားသည် ။

"ဟေး ... ဘာငေးနေတာလဲ၊ မေးလေ"

"ဒီလိုပါ မမခင်၊ ဖေဖေနဲ့ ပတ်သက်လို့ မိုင်းသိချင်တာ နည်းနည်းရှိ နေလို့ ပါ ကိုကိုနဲ့ ပတ်သက်လို့ ဟုတ်လား။ ဘာများ ပါလိမ့်"

"ဖေဖေ သေတဲ့ ညက အကြောင်းနဲ့ ပတ်သက်ပြီး မိုင်းရင်ထဲမှာ တ

စ်အုံနွေးနွေး ရှိနေလို့ ပါ။ အဲဒါကတော့ ဖေဖေသေမဲ့ရက် မတိုင်ခင် တစ်ညက မမခင်နဲ့ ဖေဖေတို့ စကားအကြီးအကျယ် များကြတယ်ဆိုတာ တကယ်ဟုတ်လားလို့ ပါ။ အဲဒါနဲ့ ပတ်သက်လို့ ဖေဖေ့စိတ်မှာ အနှောင့်အယှက် တစ်ခုခုများ ဖြစ်သွားနိုင်သလား"

"ဘေးဘီက ပြောသလောက်တော့ အချင်းမပွားခဲ့ပါဘူး မှိုင်း။ ဘာလဲ မင်းစိတ်ထဲမှာ ကိုကို အခုလို သတ်သေသည် အထိ စိတ်အနှောင့်အယှက် ရှိသွားရတာ မမခင်ရဲ့ ပယောဂကြောင့် လို့ ယူဆထားလို့ လား "

"ဖေဖေ သေနတ်မှန်ပြီး လဲနေတုန်း ပထမဦးဆုံး ရောက်သွားတဲ့ လူဟာ မှိုင်း။ ပြီးတော့မှ မမခင်နော်"

"အင်း ... ဟုတ်တယ်လေ။ ကိုကို့အခန်းက သေနတ်သံ မကြားလိုက်ရပေမဲ့ မှိုင်းအော်သံကြောင့် မမခင် ပြေးဝင်သွားမိတယ်။ အဲဒီတုန်းက ကိုကို့အသက်တောင် မှိုင်း မီလိုက်သေးတဲ့ ဟာပဲ"

"ဒါဆိုရင် ပဟေဠိ တစ်ခုတော့ ဝှက်နေပြီ မမခင်။ ဘယ်လို စိတ်သဲသဲလှုပ်စရာမှ မရှိတဲ့ ဖေဖေ့လို လူမျိုးက ကိုယ့်ကိုယ်ကို ဘဝဆုံးသည် အထိ ကြံစည်နိုင်ပါ့မလား။ စဉ်းစားရမလို ဖြစ်နေပြီ"

"ဒါတော့ ဟုတ်နိုင်ပါ့မလား မှိုင်းရယ်။ ကိုကို့အသက်ကို မမခင်တို့ နှစ်ယောက်စလုံး မီလိုက်ချိန်တုန်းက ကိုကို ဖွင့်ပြောသွားမှာ ပေါ့။ သူ့မှာ ရန်သူ တကယ်ရှိရိုးမှန်ရင် ကိုကို အသိပေးသွားခဲ့မှာ ပေါ့"

"ဖေဖေဟာ စကားကိုတောင် ထွက်နိုင်တဲ့ အင်အား မရှိဘူးလေ။ မှိုင်းစိတ်ထဲမှာ ဖေဖေ ဆုံးပါးသွားတာ ဆန်းကိုဆန်းနေတယ်"

မှိုင်းစိတ်ထဲ မချင့်မရဲဖြစ်ဟန် ပေါက်သွားသည် ။

"ကဲ ... ငါ့ညီမ ရတနာစံအိမ်သွားဖို့ ဆုံးဖြတ်တဲ့ အထဲမှာ မင်းဖေဖေ အသတ်ခံရတာကို ခြေရာကောက်ချင်တဲ့ ဆန္ဒလည်း အဓိက ပါနေတယ် မဟုတ်လား"

"ဖေဖေနဲ့ ပတ်သက်လို့ သိချင်စရာတွေ၊ ရတနာစံအိမ်မှာ တိမ်မြှုပ်နေရမယ်လို့ မှိုင်းထင်တယ်။ အဲဒါတွေကို မှိုင်းသိအောင် ကြိုးစားကြည့်ချင်သေးတယ် မမခင်"

"ရှင်းရှင်းပြောလိုက်ပါ ငါ့ညီမရယ်။ အဲဒီအထဲက မသင်္ကာချင်တဲ့ လူတစ်ယောက်ယောက်ကို ညီမ စုံထောက်ကြီးလုပ်ပြီး အဖြေရှာဖော်ထုတ်ချင်တဲ့ အကြောင်းလေ"

"ဒီထက်အရေးကြီးတာ မှိုင်းရဲ့ သားလေး မှိုင်းအပေါ် နားလည်လည်နဲ့ ပြန်ပြီး တွယ်တာလာဖို့ ပဲ မမခင်။ သူ့အဖေ ကိုသီဟလို မှိုင်းအပေါ် စိမ်းကားတဲ့ လူမျိုး မဖြစ်ဖို့ ပဲ။ မှိုင်းအတွက် ပိုအရေးကြီးတယ်"

"အေးကွယ် မမခင်မှာ သားသမီး မရှိပေမဲ့ အမေနဲ့ နေလာသူဆိုတော့ မိခင်တစ်ယောက်ရဲ့ တွယ်တာမှုကို ဝေမျှခံစားနိုင်ပါတယ်လေ။ မကြာခင်မှာ မင်းဆန္ဒ ပြည့်ဝပါစေလို့ မမခင် မေတ္တာပို့လိုက်ပါ့မယ်"

မမခင်၏ စကားသံသည် မှိုင်းနားအာရုံသို့ မတိုးဝင် နိုင်သလို ရှိသည် ။

ဖေဖေ သေဆုံးရခြင်းနှင့် စပ်လျဉ်း၍ မြနန်းခင်ကိုယ်တိုင်ကောကင်းမှ ကင်းရှင်းရဲ့ လားဟု မှိုင်း တွေနေမိသည် ။

***